

## နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည်နေထိုင်နိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုပေး

ပြည် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည် နေထိုင်နိုင်ရေး ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံများ၌ လစဉ်ကျန်းမာရေး စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ ဆေးဝါးတစ်လစာ ထောက်ပံ့ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၄၅)ကြိမ်မြောက် လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီး ခြောက်ထပ်ဆေးကုသဆောင်သစ်၌ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေးသည်။

### ကြည့်ရှုအားပေး

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကဏ္ဍအလိုက် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတ အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေမှုတို့ကိုကြည့်ရှုအားပေးပြီး ကြက်ဥ၊ ဆီနှင့် တိုင်းရင်းဆေးများ ပေးဝေကူသိုလ်ပြုကာ လစဉ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သောဆေးဝါးများ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်

မုံရွာ ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေပြီး သန့်ရှင်းသာယာလှပကာ မြို့နေပြည်သူများအားလပ်ချိန်များတွင် စိတ်အပန်းဖြေစေရန်နှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရန် အတွက် ကန်သာယာကန် သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ကန်သာယာကန် ပြည်ထောင်စုရင်ပြင်သို့ ရောက်ရှိပြီး ကန်သာယာကန် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် အရိပ်ရ/အလှပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို လိုက်လံကြည့်ရှုကာ ကန်ပတ်ဝန်းကျင်ကို အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားရေး၊ အရိပ်ရ သစ်ပင်များ/အလှပန်းပင်များ ရှင်သန်အောင် စိုက်ပျိုးသွားရေး၊ ကန်ပတ်လည်ရှိ စတီးလက်ရန်းများ၊ လူသွားလျှောက်လမ်းများ၊ ထိုင်ခုံများ၊ အားကစားပစ္စည်းများနှင့် မီးတိုင်များ ပျက်စီးမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းသွားရေးနှင့် ကန်အတွင်း အမှိုက်များစွန့်ပစ်မှု မရှိအောင် တာဝန်ရှိသူများက အလေးထားကာ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် မုံရွာမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းသားကျောင်းသူများ ကျန်းမာသန်စွမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းဝင်းအတွင်း ခြင်များပေါက်ဖွားနိုင်သည့် နေရာများ၊ သစ်ပင်ချုံနွယ်များ၊ ပလတ်စတစ်အမှိုက်များကို မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးသွင်အောင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)၌ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (HRPS) တပ်ဆင် လည်ပတ်ပြီးပါက ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်နိုင်ပါက နိုင်ငံတော်၏သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့် အတွက် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားများ အတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း ယမန်နေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို ကြည့်ရှုစစ်ဆေးစဉ် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်က စက်ရုံတာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ(HRPS) အား နည်းပညာဆိုင်ရာ ကြီးကြပ်ကွပ်ကဲရန် ဝန်ဆောင်မှုပေးခြင်း စာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းခဲ့မှု၊ HRPS လည်ပတ်နိုင်ရေး အပြီးသတ် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းများအား ဖွဲ့စည်းတာဝန်ပေးအပ်မည့် အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာငွေ ရသုံးဆိုင်ရာနှင့် စပ်လျဉ်းသည့် မူဝါဒများကိုလည်းကောင်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ(HRPS) နှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်မည့် အစီအမံကိုလည်းကောင်း ရှင်းလင်းကြသည်။

ဆက်လက်၍ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ (HRPS)၏ အခြေအနေနှင့် သံရည်ကျိုအလုပ်ရုံတွင် သံရည်ကျိုမီးဖို (Romelt Furnace)၊ ချော်ရည်ကျိုမီးဖို(Slag Melting Furnace)၊ ကုန်ကြမ်းသယ်ပို့သည့် Conveyor များကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ရိုမက်လ် (Romelt)မီးဖို ပြန်လည်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်မှု ဝန်ဆောင်မှုပေးခြင်းစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ကမမောင်း ဩဂုတ် ၂၂

ကရင်ပြည်နယ် ကမမောင်းမြို့တွင် ၂၀၂၆ ခုနှစ် မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၈ ရက်က ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖာပွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးစည်သူဖြိုးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးမှုစံပြမိခင်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အသက် ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရလက်ဆောင်များပေးအပ်ခြင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေး တိုက်ကျွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပလတ်စတစ်နှင့် လူသားမျိုးနွယ်၏ အနာဂတ်

ဝေဖြိုးအောင်

**၁၉၀၇ ခုနှစ်တွင် လီယိုဘိတ်ကလန်းဆိုသူက ပထမဆုံးသော ဓာတုလုပ်ပလတ်စတစ်ဖြစ်သည့် ဘိတ်ကလိုက်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီးနောက်ပိုင်း ပလတ်စတစ်သည် စက်မှုတော်လှန်ရေး၏ အရေးပါဆုံးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။**

ဒုတိယကမ္ဘာစစ် ကာလအတွင်း စစ်ဘက်ဆိုင်ရာ လိုအပ်ချက်များကြောင့် ပလတ်စတစ်ထုတ်လုပ်မှု နည်းပညာသည် အဆမတန်တိုးတက်လာခဲ့ပြီး စစ်ပြီးခေတ်တွင် လူသုံးကုန်ပစ္စည်းများအဖြစ် အလုံးအရင်းဖြင့် ပြောင်းလဲထုတ်လုပ်လာကြသည်။ သဘာဝပစ္စည်းများဖြစ်သော သစ်သား၊ ဖန်၊ သတ္တုနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ဥပမာ - ဆင်စွယ်၊ လိပ်ခွံ)နေရာတွင် ပလတ်စတစ်ကို အစားထိုးသုံးစွဲလာခြင်းဖြင့် သဘာဝသယံဇာတများကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်ခဲ့သည်ဟူသော ကနဦးယူဆချက်များလည်း ရှိခဲ့ပါသည်။

သို့သော်လည်း ဆယ်စုနှစ်များစွာကြာမြင့်လာသောအခါ ပလတ်စတစ်၏ အားသာချက်ဖြစ်သော ကြာရှည်ခံခြင်းသည်ပင်လျှင် ကမ္ဘာမြေအတွက် အကြီးမားဆုံးသော ကျိန်စာတစ်ခု ဖြစ်လာခဲ့သည်။ ယနေ့ခေတ်တွင် တစ်နှစ်လျှင် ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ခန့် ထုတ်လုပ်နေပြီး ၎င်းတို့၏ ထက်ဝက်ကျော်မှာ တစ်ခါသုံးပလတ်စတစ်များ ဖြစ်ကြသည်။

ပလတ်စတစ်ကို တွင်ကျယ်စွာ သုံးစွဲရခြင်းမှာ ယင်း၏ အစားထိုးမရနိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ ဂုဏ်သတ္တိများကြောင့် ဖြစ်သည်။

**စီးပွားရေးအရ တွက်ခြေကိုက်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းအား။** ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကို ချက်လုပ်ရာမှ ထွက်ပေါ်လာသော ဘေးထွက်ပစ္စည်းများကိုအခြေခံပြီး ပလတ်စတစ်ကို ထုတ်လုပ်ထားသဖြင့် ကုန်ကြမ်းအနေဖြင့်ပေါများပြီး ထုတ်လုပ်မှုစရိတ် အလွန်သက်သာပါသည်။ စက်ရုံကြီးများမှ အချိန်တိုအတွင်း အရေအတွက်သန်းချီ၍ ပုံသွင်းထုတ်လုပ်နိုင်စွမ်းရှိခြင်းကြောင့် လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းကို လျှော့ချပေးနိုင်ပါသည်။

**လုံခြုံစိတ်ချရမှုနှင့် ဆေးဘက်ဆိုင်ရာ အသုံးဝင်မှု။** ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပလတ်စတစ်၏ ကျေးဇူးတရားမှာ အလွန်ကြီးမားသည်။ ခွဲစိတ်ခန်းသုံးကိရိယာများ၊ တစ်ခါသုံးဆေးထိုးအပ်များ၊ သွေးနှင့် အရည်သွင်းအိတ်များ (IV Bags)၊ ဆေးပြားထုပ်ပိုးမှုများသည် ပလတ်စတစ်မပါဘဲ ဖန်တီး၍မရနိုင်ပေ။ ပလတ်စတစ်၏ လေလုံရေလုံဖြစ်မှု၊ ပိုးမွှားကင်းစင်အောင် လွယ်ကူစွာ ပြုလုပ်နိုင်မှုတို့ကြောင့် ဆေးရုံများတွင် လူနာတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်မှုကို ထိရောက်စွာ တားဆီးပေးနိုင်ပါသည်။

**အစားအစာ ဘေးကင်းလုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေး။** စားရေရိက္ခာ ထောက်ပံ့ရေးကွင်းဆက်တွင် ပလတ်စတစ်ထုပ်ပိုးမှုသည် အစားအစာများ ပုပ်သိုးပျက်စီးခြင်းမှ ကာကွယ်ပေးပြီး သက်တမ်းကို တိုးစေသည်။ ထို့ပြင် ပလတ်စတစ်သည် ဖန်နှင့် သတ္တုတို့ထက် များစွာပေါ့ပါးသဖြင့် ကုန်တင်ယာဉ်များ၊ လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ရာတွင် လောင်စာဆီသုံးစွဲမှုကို လျှော့ချပေးကာ ကာဗွန်ထုတ်လွှတ်မှုကို အထိုက်အလျောက် သက်သာစေပါသည်။



စင်ကာပူနိုင်ငံ၏ နည်းပညာအခြေပြုစီမံခန့်ခွဲမှု Waste to Energy (WTE)ခေါ် အမှိုက်မီးရှို့ပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် စက်ရုံကြီးများ။

### နေ့စဉ်သုံး ပလတ်စတစ် အမျိုးအစားများနှင့် ယင်းတို့၏သဘာဝ

ပလတ်စတစ်ဟု ယေဘုယျခေါ်ဆိုသော်လည်း ဓာတုဖွဲ့စည်းပုံအရ အမျိုးအစားများစွာကွဲပြားပြီး ယင်းတို့၏ သက်ရောက်မှုများလည်း မတူညီကြပေ။

**PET (Polyethylene Terephthalate)**

ရေသန့်ဘူးများ၊ အချိုရည်ဘူးများ ထုတ်လုပ်ရာတွင် အဓိကသုံးသည်။ ကြည်လင်ပြီးခိုင်ခံ့သည်။ ပြန်လည်အသုံးပြုရန် အလွယ်ကူဆုံး အမျိုးအစားဖြစ်သည်။

**HDPE (High–Density Polyethylene)**

ခေါင်းလျှော်ရည်ဘူးများ၊ ဆပ်ပြာရည်ဘူးများ၊ နို့ဘူးများ ပြုလုပ်ရာတွင် သုံးသည်။ အလွန်ခိုင်ခံ့ပြီး ဓာတုပစ္စည်းများကို ခံနိုင်ရည်ရှိသည်။

**PVC (Polyvinyl Chloride)**

ရေပိုက်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကြိုးများတွင် သုံးသည်။ ထုတ်လုပ်စဉ်နှင့် မီးရှို့ဖျက်ဆီးစဉ်တွင် အဆိပ်သင့်ဓာတ်ငွေ့များ ထွက်ပေါ်နိုင်သဖြင့် သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်အရှိဆုံး ပလတ်စတစ်များအနက် တစ်ခုဖြစ်သည်။

**LDPE (Low–Density Polyethylene) နှင့် PP (Polypropylene)**

ဈေးဝယ်အိတ်များ၊ အမှိုက်အိတ်များနှင့် ပူသောအစားအစာထည့်သည့်ဘူးများ၊ ပိုက်များအဖြစ်သုံးသည်။ အထူးသဖြင့် တစ်ခါသုံးပလတ်စတစ်အိတ်များသည် မြို့ပြအမှိုက်ပြဿနာ၏ အဓိကတရားခံများ ဖြစ်ကြသည်။

ပလတ်စတစ်၏ဆိုးကျိုးကို သိလျက်နှင့် မလျှော့ချနိုင်ခြင်းမှာ လက်တွေ့လုပ်ငန်းခွင်နှင့် စီးပွားရေးဆိုင်ရာ အတားအဆီးများကြောင့်ဖြစ်သည်။

စက္ကူအိတ်၊ အထည်အိတ် သို့မဟုတ် ဖန်ပုလင်းများသည် ပလတ်စတစ်ထက် ကုန်ကျစရိတ် အဆပေါင်းများစွာပိုများသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) အနေဖြင့် ဤအပိုကုန်ကျစရိတ်ကို ကျခံနိုင်စွမ်းမရှိပေ။ ကုန်ကျစရိတ်ကို ဝယ်သူထံသို့ လွှဲချပါကလည်း ကုန်စည်ဈေးနှုန်းကြီးမြင့်မှု ပြဿနာများကို ဖြစ်ပေါ်စေသည်။

- ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်ဟူသောစနစ်မှ ကုန်ပစ္စည်းများကို ကနဦးဒီဇိုင်းကတည်းက ပြန်လည်အသုံးပြုနိုင်ရန်နှင့် အလွယ်တကူဆွေးမြည့်နိုင်ရန် ရည်ရွယ်ထုတ်လုပ်သည့် Circular Economy သို့ ကူးပြောင်းရမည်။ ပလတ်စတစ်ထုပ်ပိုးမှုများအစား သုံးပြီးသားဘူးများ ပြန်လည်ဖြည့်တင်းသည့်စနစ်များကို အားပေးရမည်။
- တစ်ခါသုံး ပလတ်စတစ်အိတ်များအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခွန်ကောက်ခံခြင်းဖြင့် သုံးစွဲမှုကိုတားဆီးနိုင်သည်။ တစ်ပြိုင်နက်တည်းတွင် ငှက်ပျောဖက်၊ စက္ကူနှင့် သဘာဝထုပ်ပိုးပစ္စည်းထုတ်လုပ်သူများကို အခွန်ကင်းလွတ်ခွင့်များ၊ ချေးငွေများ ထောက်ပံ့ပေးရမည်။

စက္ကူပိုက်များ၊ စက္ကူခွက်များသည် အရည်များနှင့် ကြာရှည်ထိတွေ့ပါက ပျော့ခွေသွားတတ်သည်။ အသား၊ ငါးကဲ့သို့သော စိုစွတ်သည့်အစားအစာများကို ထုပ်ပိုးရာတွင် ပလတ်စတစ်ကို ကျော်လွန်နိုင်သော အစားထိုးပစ္စည်း ယနေ့တိုင် မပေါ်ပေါက်သေးပေ။

သဘာဝပစ္စည်းများမှ ထုတ်လုပ်သော Bioplastics များသည် သာမန်မြေကြီးထဲ သို့မဟုတ် ပင်လယ်ထဲရောက်လျှင် အလွယ်တကူ မဆွေးမြည့်နိုင်ပါ။ ယင်းတို့ကို ဆွေးမြည့်စေရန် အပူချိန်နှင့် စိုထိုင်းဆကို စနစ်တကျ ထိန်းချုပ်ထားသော စက်မှုဇုန်အဆင့် မြေဆွေးပြုလုပ်သည့်စက်ရုံများလိုအပ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ထိုကဲ့သို့သော အခြေခံအဆောက်အအုံ မရှိသေးပေ။

### စားသုံးသူများ၏ အလေ့အထပြောင်းလဲရန် ခက်ခဲခြင်း

ခေတ်သစ်လူနေမှုပုံစံသည် အဆင်ပြေလွယ်ကူမှုကို အလွန်မက်မောကြသည်။ ကိုယ်ပိုင်ရေဘူး၊ ကိုယ်ပိုင်ဈေးဝယ်အိတ် ယူဆောင်သည့် အလေ့အကျင့်သည် အချိန်ယူတည်ဆောက်ရမည့် လူမှုအပြုအမူပြောင်းလဲရေး လုပ်ငန်းစဉ်ဖြစ်သည်။

ပလတ်စတစ်သည် မြို့ပြအလှအပကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ လူသားတို့၏ ခန္ဓာကိုယ်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်လာနေပြီ ဖြစ်သည်။

စွန့်ပစ် ပလတ်စတစ်များသည် နေရောင်ခြည် (UV rays) နှင့် ပတ်ဝန်းကျင်တိုက်စားမှုကြောင့် ငါးမီလီမီတာအောက် သေးငယ်သော မိုက်ခရိုပလတ်စတစ်များအဖြစ် ပြိုကွဲသွားသည်။ ထိုမှတစ်ဆင့် မျက်စိဖြင့်မမြင်နိုင်သော နာနိုပလတ်စတစ်အဆင့်အထိ သေးငယ်သွားကြသည်။

ဤအမှုန်များသည် သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်းရှိ ငါးများ၊ ရေသတ္တဝါများ၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပြီး အဆိုပါပင်လယ်စာများကို စားသုံးသော လူသားများထံသို့တိုက်ရိုက်ရောက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးသုံးရေနှင့် သောက်သုံးရေသန့်ဘူးများအတွင်းတွင်ပါ မိုက်ခရိုပလတ်စတစ်များ ပါဝင်နေကြောင်း WHO က သတိပေးထုတ်ပြန်ထားသည်။

ပလတ်စတစ် ထုတ်လုပ်ရာတွင် ပျော့ပျောင်းစေရန် ထည့်သွင်းရသော Phthalates နှင့် မာကျောစေရန် ထည့်ရသော BPA (Bisphenol A) တို့သည် လူသားတို့၏ ဟော်မုန်းစနစ်ကို ကမောက်ကမဖြစ်စေသည်။ ယင်းတို့သည် သွေးကြောများမှတစ်ဆင့် ဦးနှောက်သို့လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၏ အချင်း (Placenta) မှတစ်ဆင့် သန္ဓေသားထံသို့လည်းကောင်း ကူးစက်နိုင်ကြောင်း မကြာသေးမီက ဆေးဘက်ဆိုင်ရာ သုတေသနများက သက်သေပြခဲ့သည်။ ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားမှု မြင့်တက်ခြင်းနှင့် အမျိုးသား၊ အမျိုးသမီး မျိုးပွားနိုင်စွမ်း ကျဆင်းခြင်းတို့ကို ဖြစ်စေနိုင်သည်။

မြို့ပြ အုပ်ချုပ်ရေးအဖွဲ့များအတွက် နေ့စဉ်ထွက်ရှိနေသော အမှိုက်တန်ချိန် ထောင်ပေါင်းများစွာကို စီမံခန့်ခွဲရာတွင် ပလတ်စတစ်သည် ခေါင်းခဲစရာ အကောင်းဆုံးပြဿနာဖြစ်ပါသည်။

### 3R စနစ်၏ လက်တွေ့ကန့်သတ်ချက် (Practical Limitations of 3R – Reduce, Reuse, Recycle)

ပြန်လည်အသုံးပြုခြင်းသည် ဖြေရှင်းနည်းဟုထင်ရသော်လည်း ကမ္ဘာပေါ်တွင် ထုတ်လုပ်သမျှ ပလတ်စတစ်၏ ကိုးရာခိုင်နှုန်းခန့်ကိုသာ အမှန်တကယ် Recycle လုပ်နိုင်ခဲ့သည်။ ထုပ်ပိုးမှုအများစုသည် ပလတ်စတစ်နှင့် အလူမီနီယမ်ရောစပ်ထားသော Multilayered packaging (ဥပမာ – ကော်ဖီမစ်ထုပ်၊ မုန့်ထုပ်များ) ဖြစ်ရာ ၎င်းတို့ကို ပြန်လည်ခွဲခြားရန် နည်းပညာအရနှင့် စီးပွားရေးအရ လုံးဝတွက်ခြေမကိုက်ပေ။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့ကြီးများတွင် အမှိုက်များကို ခွဲခြားစွန့်ပစ်သည့်စနစ် အားနည်းသဖြင့် အမှိုက်ပုံကြီးများဖြစ်ပေါ်လာသည်။ ပလတ်စတစ်များသည် နှစ်ရာချီကြာသည့်တိုင် မဆွေးမြည့်ဘဲ မြေဆီလွှာကို ပျက်စီးစေသည်။ နေရာအခက်အခဲကြောင့် အမှိုက်များကို မီးရှို့သောအခါ Dioxins နှင့် Furans ကဲ့သို့သော

စာမျက်နှာ ၁၇ သို့ ❖

❖ စာမျက်နှာ ၁၆ မှ

အဆိပ်ငွေ့များထွက်ပေါ်လာပြီး မြို့ပြလေထုညစ်ညမ်းမှုကို အဆိုးရွားဆုံးဖြစ်ပေါ်စေသည်။

တစ်ခါသုံး ပလတ်စတစ်အိတ်များသည် မြို့ပြ၏ ရေနုတ်မြောင်းများ၊ ချောင်းများကို ပိတ်ဆို့စေသဖြင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများကို ပိုမိုဆိုးရွားစေသည်။ ၎င်းသည် ခြင်ပေါက်ပွားမှုကို အားပေးရာ သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါများကိုပါ သွယ်ဝိုက်သောအားဖြင့် ဖန်တီးပေးနေသည်။

မြို့ပြအမှိုက်ပြဿနာကို ဖြေရှင်းရာတွင် နိုင်ငံတကာ မြို့ကြီးများ၏ မဟာဗျူဟာများကိုလေ့လာခြင်းသည် မိမိတို့ဌာနအတွက် များစွာအထောက်အကူပြုသည်။



နယူးယောက်မြို့၌ စီးပွားရေးလုပ်ငန်းများနှင့် နေအိမ်များမှအမှိုက်များကို အမျိုးအစားလိုက်ခွဲခြားစွန့်ပစ်ရန် ဤသို့ ဆောင်ရွက်ထားရှိစဉ်။

**စင်ကာပူနိုင်ငံ၏ နည်းပညာအခြေပြု စီမံခန့်ခွဲမှု**

မြေနေရာ ကျဉ်းမြောင်းသော စင်ကာပူသည် အမှိုက်ပုံစနစ်ကိုအသုံးမပြုဘဲ Waste to Energy (WTE) ဟုခေါ်သော အမှိုက်မီးရှို့ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူသည့် စက်ရုံကြီးများကို တည်ဆောက်ထားသည်။ ဤစက်ရုံများသည် အဆိပ်ငွေ့မထွက်အောင် အဆင့်မြင့်စစ်ထုတ်စနစ်များ တပ်ဆင်ထားသည်။ ထွက်လာသောပြာများကို သန္တာကျောက်တန်းများ မထိခိုက်အောင် အထူးစီမံထားသည့် Semakau ကျွန်းတွင် စနစ်တကျမြေဖို့သည်။ ဤစနစ်သည် အလွန်ထိရောက်သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှု အလွန်ကြီးမားပါသည်။

**နယူးယောက်မြို့၏ ဥပဒေနှင့် ဒဏ်ကြေးစနစ်**

နယူးယောက်မြို့သည် တင်းကျပ်သော စည်ပင်သာယာရေးဥပဒေများကို အားကိုးသည်။ စီးပွားရေးလုပ်ငန်းများနှင့် နေအိမ်များမှ အမှိုက်များကို အမျိုးအစားအလိုက် မဖြစ်မနေ ခွဲခြားစွန့်ပစ်ရန် ပြဋ္ဌာန်းထားပြီး လိုက်နာမှုမရှိပါက ကြီးလေးသော ဒဏ်ငွေများ ချမှတ်သည်။ ပလတ်စတစ်အိတ်များကို မြို့နယ်အနှံ့တားမြစ်ပိတ်ပင်ထားသည်။ ဤနည်းလမ်းသည် ပြည်သူ့စည်းကမ်းနှင့် တရားဥပဒေစိုးမိုးမှုအပေါ် မှီခိုရသည်။

**ဂျပန်နိုင်ငံ ကာမီကတ်ဆုမြို့ငယ်၏ စံပြစနစ်**

ဂျပန်နိုင်ငံရှိ ကာမီကတ်ဆုမြို့သည် 'Zero Waste' မူဝါဒကိုကျင့်သုံးပြီး မြို့သူမြို့သားများကိုယ်တိုင်က အမှိုက်များကို အမျိုးအစား ၄၀ ကျော် သေချာစွာ ခွဲခြားစွန့်ပစ်ကြသည်။ ယင်းသည် စည်းကမ်းကြီးမားသော နိုင်ငံသားများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရရှိလာသော အောင်မြင်မှုဖြစ်သည်။

ခေတ်သစ်မြို့ပြစီမံခန့်ခွဲရေးတွင် ဒီဂျစ်တယ်နည်းပညာများနှင့် ပြည်သူ့ကျန်းမာရေး ဦးတည်ချက်များကို ပေါင်းစပ်ရမည်ဖြစ်သည်။

Smart City စီမံကိန်းများတွင် အမှိုက်ပုံးများ၌ Sensors များ တပ်ဆင်ကာ အမှိုက်ပြည့်/ မပြည့်ကို စည်ပင်ထိန်းချုပ်ရေးစခန်းမှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည်။ ထိုဒေတာများကို အသုံးပြု၍ အမှိုက်သိမ်းယာဉ်များ၏ လမ်းကြောင်းကိုအကောင်းဆုံးတွက်ချက်ခြင်းဖြင့် ဆီကုန်သက်သာပြီး မြို့ပြသန့်ရှင်းရေးကို ထိရောက်စွာဆောင်ရွက်နိုင်သည်။

**AI အခြေပြု အမှိုက်ခွဲခြားစက်ရုံများ**

စွန့်ပစ်ပစ္စည်း စုပုံရာနေရာများတွင် လူအင်အားအစား ဉာဏ်ရည်တု (AI) တပ်ဆင်ထားသော စက်ရုပ်လက်တံများဖြင့် ပလတ်စတစ်အမျိုးအစားများကို အလိုအလျောက် ခွဲခြားသည့်စနစ်များ ကျင့်သုံးလာကြပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာသောမြို့ပြ မူဘောင်အရ မြို့ပြအုပ်ချုပ်ရေးသည် ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုရမည်။ ပလတ်စတစ်အမှိုက်ကင်းစင်သောလမ်းများ၊ လေထုသန့်စင်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့သည် မြို့ပြအုပ်ချုပ်ရေး၏ အဓိကတိုင်းတာချက်များ ဖြစ်လာသည်။

ပလတ်စတစ်ပြဿနာကို ဖြေရှင်းရာတွင် ကဏ္ဍစုံပူးပေါင်းပါဝင်သော မူဝါဒများချမှတ်ရန် လိုအပ်သည်။

ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ် ဟူသော စနစ်မှ ကုန်ပစ္စည်းများကို ကနဦးဒီဇိုင်းကတည်းက ပြန်လည်အသုံးပြုနိုင်ရန်နှင့် အလွယ်တကူ ဆွေးမြည့်နိုင်ရန် ရည်ရွယ်ထုတ်လုပ်သည့် Circular Economy သို့ ကူးပြောင်းရမည်။ ပလတ်စတစ်ထုပ်ပိုးမှုများအစား သုံးပြီးသားဘူးများပြန်လည်ဖြည့်တင်းသည့်စနစ်များကို အားပေးရမည်။

အစိုးရများအနေဖြင့် ပလတ်စတစ်ဘူးများနှင့် ထုပ်ပိုးမှုများကို အဓိကထုတ်လုပ်သော ကုမ္ပဏီကြီးများအပေါ် ဥပဒေအရ တာဝန်ပေးရမည်။ မိမိတို့ထုတ်လုပ်လိုက်သော ပလတ်စတစ်များကို ဈေးကွက်ထဲမှ ပြန်လည်သိမ်းဆည်းမည့်စနစ်များ မဖြစ်မနေလုပ်ဆောင်စေရမည်။

တစ်ခါသုံး ပလတ်စတစ်အိတ်များအပေါ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အခွန်ကောက်ခံခြင်းဖြင့် သုံးစွဲမှုကို တားဆီးနိုင်သည်။ တစ်ပြိုင်နက်တည်းတွင် ငှက်ပျောဖက်၊ စက္ကူနှင့် သဘာဝထုပ်ပိုးပစ္စည်း ထုတ်လုပ်သူများကို အခွန်ကင်းလွတ်ခွင့်များ၊ ချေးငွေများ ထောက်ပံ့ပေးရမည်။

အချုပ်ဆိုရသော် ပလတ်စတစ်သည် ခေတ်သစ်လူသားများအတွက် ကြီးမားသော တီထွင်မှုတစ်ရပ်ဖြစ်ခဲ့သော်လည်း ယနေ့အချိန်တွင် ၎င်းကိုစနစ်တကျမထိန်းချုပ်နိုင်ပါက လူသားမျိုးနွယ်၏ ကျန်းမာရေးနှင့်ကမ္ဘာမြေ၏ ဂေဟစနစ်ကို အကြီးအကျယ်ဖျက်ဆီးမည့် အန္တရာယ်ကြီးတစ်ခုဖြစ်နေပြီ ဖြစ်ပါသည်။ အထူးသဖြင့် မြို့ပြစီမံခန့်ခွဲမှုနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍများတွင်ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာသည်။

ဤပြဿနာကို ဖြေရှင်းရာတွင် စီးပွားရေးဆိုင်ရာ အခက်အခဲများ၊ အစားထိုးပစ္စည်းများ၏ ဈေးနှုန်းကြီးမြင့်မှုများနှင့် လူမှုအပြုအမူပြောင်းလဲရန် ခက်ခဲမှုစသည့် စိန်ခေါ်မှုများစွာ ရှိနေသည်။ သို့သော် အစိုးရများ၏ မှန်ကန်သောမူဝါဒများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ Smart City နည်းပညာအခြေပြု စီမံခန့်ခွဲမှုများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်ယူမှုနှင့် ပြည်သူတစ်ရပ်လုံး၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှုတို့ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ပါက ရေရှည်တည်တံ့ခိုင်မြဲပြီး ကျန်းမာသော မြို့ပြအသိုင်းအဝိုင်းကို အနာဂတ်မျိုးဆက်သစ်များအတွက် တည်ဆောက်ပေးနိုင်မည်ဖြစ်ပါသည်။

**မှီငြမ်းကိုးကားစာရင်း –**


၁။ United Nations Environment Programme (UNEP). (2021). From Pollution to Solution: A global assessment of marine litter and plastic pollution. Nairobi.

၂။ World Health Organization (WHO). (2019). Microplastics in drinking–water. Geneva.

၃။ Geyer, R., Jambeck, J. R., & Law, K. L. (2017). Production, use, and fate of all plastics ever made. Science Advances, 3(7).

၄။ Ellen MacArthur Foundation. (2016). The New Plastics Economy: Rethinking the future of plastics.

၅။ National Environment Agency (NEA), Singapore. (2022). Solid Waste Management Infrastru–cture: The Semakau Landfill and Waste to Energy Plants.

၆။ New York City Department of Sanitation (DSNY). (2023). Zero Waste NYC: Policies, Programs, and the Future of Mandatory Recycling.

၇။ Vethaak, A. D., & Legler, J. (2021). Microplastics and human health. Science, 371(6530), 672–674.

၈။ World Bank. (2020). What a Waste 2.0: A Global Snapshot of Solid Waste Management to 2050.

၉။ World Health Organization (WHO). (2020). Healthy Cities: Effective Approach to a Rapidly Changing World.

၁၀။ Smart Cities Council. (2021). Integrating Waste Management into Smart City Frameworks.


## ဝမ်းတွင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဝမ်းတွင်း ဩဂုတ် ၂၂**

မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က ရွာရှည်ကျေးရွာ အထကကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တအုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာလင်းက ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။



ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့မှ မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်တွင် မြို့နယ်အဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ပင်လောင်း ဩဂုတ် ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်တွင် မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ရဲမှူး စိုးမိုးထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သိန်းထွေးက မြို့နယ်အဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်သည့် အကြောင်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက အသက်ခြောက်လမှ ငါးနှစ်ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးလုံး၊ အသက်ခြောက်လမှ ငါးနှစ်ကလေးများအား သန်ချဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ တိုက်ကျွေးပေးခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက ဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ဘီလီယက် / စနူကာနှင့် အေရိုးဗစ်လေ့ကျင့်ခန်း အားကစားနည်းများ အခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၂၂

၂၀၂၆ ခုနှစ် ဘီလီယက်/ စနူကာနှင့် အေရိုးဗစ် လေ့ကျင့်ခန်းအားကစားနည်းများ အခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းများတွင် ဘီလီယက်နှင့် စနူကာ အားကစားနည်းအတွက် သင်တန်းသား သင်တန်းသူ ၂၀၊ အေရိုးဗစ်အားကစားနည်းအတွက် သင်တန်းသူ ၉၀ တို့အား ပြည်နယ်မှ နည်းပြများက လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး သင်တန်းနစ်ခုမှ သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဝတ်စုံများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

✻ လက်ရှိချန်ပီယံမှ

ထပ်မံသိမ်းပိုက်ဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။

ဩဂုတ် ၂၂ ရက် ညအစောပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ တန်းတက် ဟားစ်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာတော့ အိမ်ရှင်ဟားစ်စီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဟားစ်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို အေဂျာယီက တစ်ဂိုး၊ မန်ဒီက တစ်ဂိုး သွင်းယူပေးခဲ့ပြီး အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ငွေကြယ်

## ၂၀၂၆ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် (၁၉) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင် ဩဂုတ် ၂၂

၂၀၂၆ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ ရာမည အားကစားကွင်း၌ ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲစဉ် အဖြစ် ဘီးလင်းမြို့နယ် ဘောလုံးအသင်းနှင့် ကျိုက်မရောမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆု၊ ပွဲစဉ်အလိုက် အကောင်းဆုံးဆု၊ပူးတွဲတတိယဆုနှင့် ဒုတိယဆုရအသင်းများအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ငွေသားဆုများ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ပထမဆုရ ကျိုက်မရောမြို့နယ် အမျိုးသမီး ဘောလုံးအသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းနှင့် View Point အပန်းဖြေနေရာတို့၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များ၊ ချုံနွယ်များနှင့် အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုအားပေးပြီး တောင်ရိုးတန်းလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် View Point သာယာလှပရေးအတွက် စနစ်တကျသန့်ရှင်းရေး ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ စည်သူ(ပြန်/ဆက်)





## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မြို့နယ်အမျိုးသမီးကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မြို့နယ်အမျိုးသမီးကော်မတီ အစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လောဟာက အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းရုံး မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က အမျိုးသမီးကော်မတီအစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာTdh-L(လှိုင်သာယာ)အဖွဲ့ တာဝန်ရှိသူက မြို့နယ်အတွင်း လုပ်ဆောင်ချက်များနှင့် လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

❀ အာဆီယံမှ

ထိုင်းအသင်းသည် ဗီယက်နမ်အသင်းကို ယှဉ်ကစားနိုင်ရန် ခက်ခဲပြီး အိမ်ကွင်းမှာပင် အရှုံးပေးခဲ့ရသည်။ ဗီယက်နမ်အသင်းအနေဖြင့် ပထမဆုံးအကြိမ် ချန်ပီယံဆုကာကွယ်နိုင်ရန် အကောင်းဆုံးအနေအထားတစ်ခု ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို ၆၂ မိနစ်တွင် ငုယင်ဟိုင်လောင်၊ ၆၉ မိနစ်တွင် ငုယင်ကွမ်ဟိုင်တို့က သွင်းယူခဲ့သည်။

ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဩဂုတ် ၂၆ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - FAT

● International မှ

ယင်းပြိုင်ပွဲတွင် မြန်မာကလပ် ငါးသင်း၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားကလပ် တစ်သင်းစီ စုစုပေါင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် YCDC Dream Team (မြန်မာ)၊ Black Steel FC Papua (အင်ဒိုနီးရှား)၊ Lucky (ကမ္ဘောဒီးယား)၊ TG United (မြန်မာ)၊ အုပ်စု (B) တွင် YRG (မြန်မာ)၊ Black Pearl United (ထိုင်း)၊ MIU (မြန်မာ) နှင့် M2K (မြန်မာ) တို့ ပါဝင်သည်။ အုပ်စုပွဲများကို စက်တင်ဘာ ၆ ရက်မှ ၈ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်၊ ဗိုလ်လုပွဲနှင့်




International Futsal Cup 2026 ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲ ပြုလုပ်စဉ်။

တတိယလုပွဲကို စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် YCDC Dream Team နှင့် TG United၊ နံနက် ၁၁ နာရီခွဲတွင် Black Steel FC Papua (အင်ဒိုနီးရှား) နှင့် Lucky (ကမ္ဘောဒီးယား)၊ ညနေ ၄ နာရီတွင် Black Pearl United (ထိုင်း) နှင့် MIU ၊ ညနေ ၆ နာရီခွဲတွင် YRG အသင်းနှင့် M2K အသင်း၊ စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် TG United အသင်းနှင့် Black Steel FC Papua (အင်ဒိုနီးရှား)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Lucky (ကမ္ဘောဒီးယား) နှင့် YCDC Dream Team၊ မွန်းလွဲ ၃ နာရီတွင် M2K အသင်းနှင့် Black Pearl United (ထိုင်း)၊ ညနေ ၅ နာရီခွဲတွင် MIU အသင်းနှင့် YRG အသင်း၊ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် YCDC Dream Team နှင့် Black Steel FC Papua (အင်ဒိုနီးရှား)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Lucky (ကမ္ဘောဒီးယား) နှင့် TG United၊ မွန်းလွဲ ၃ နာရီတွင် YRG အသင်းနှင့် Black Pearl United (ထိုင်း)၊ ညနေ ၅ နာရီခွဲတွင် MIU အသင်းနှင့် M2K အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ပွဲစဉ်အားလုံးကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF

## ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အမှုဆောင်ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက အသင်း၏ လုပ်ငန်း ဆောင်တာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရရှိခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမအသင်းဥပဒေအရ၊ အမှုဆောင်များ ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ် ငါးဦးအား အတည်ပြုချက်ရယူသည်။

ယင်းနောက် အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ အာကာ

